


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူသောတရားတော်

# လူတိုင်းမှာ
# အိုမှုသေမှုရှိတယ်

၁၅၉

ဟောကြားသည့်နေ့
၂-၃-၆၂

0358

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မန္တလေးမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# လူတိုင်းမှာ အိုမှု သေမှု ရှိတယ်

THITSARPARAMI LIBRARY
Date ......................

ဟောကြားသည့်နေ့

(၂-၃-၁၉၆၂)

# မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏
# အမှာစာ

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးသည်၊ မန္တလေး မြို့သို့ ကြွလာတော်မူလျှင် ကျောင်းဒကာ ဦးချစ်ဆွေ၊ ကျောင်းအမ ဒေါ်မမတို့နေအိမ်ဂေဟာကို ကျောင်းအမှတ်ပြု၍ သီတင်းသုံးတော်မူပါသည်။ ခြံဝင်းကျယ်ကြီးတွင် ဓမ္မာရုံ ဆောက်၍ ညစဉ် တရားဟောတော်မူပါသည်။ တရားနာ ပရိတ်သတ်မှာ အလွန်များသဖြင့် ကျောင်းပေါ်တွင်အပြည့်၊ ဓမ္မာရုံတွင်အပြည့်၊ အိမ်နားနီးချင်းနေအိမ်နှင့် ခြံဝင်းများ၌ လည်း အပြည့်ရှိရာ ကားအသွားအလာများကို ယာဉ်ထိန်းရဲ များဖြင့် ရှင်းပေးကြရပါသည်။ အခါ ကြီးနေ့ရက်ကြီးများ၌၊ တရားနာပရိတ်သတ် (၆၀၀၀) ကျော် (၇၀၀၀) ပင် ရှိကြောင်း သိရပါသည်။

ဤတရားတော်များသည် ဤပရိတ်သတ်ကြီးအား၊ ဟောကြားခဲ့သော တရားတော်များမဟုတ်ပါ။ ဦးချစ်ဆွေ ဒေါ်မမ တို့နှစ်ဦးအား နံနက် (၇) နာရီတိုင်း သီးခြားဆုံးမ ဟောကြား ခဲ့သော နာရီဝက်တရားတော်များဖြစ်ပါသည်။

တပည့်ရင်းများဖြစ်၍ မောင်ချစ်ဆွေ၊ အစ်မဟု အမည် များခေါ်ပြီး ရင်းရင်းနှီးနှီး ဟောပါသည်။ မညှာမတာ ဟောပါ

သည်။ ပရိတ်သတ်ထဲတွင် ဟော၍ မသင့်သော်လည်း တပည့်ရင်းများအား စိတ်ရှိတိုင်း ဆုံးမထားသည်မှာ အလျင် အမြန် ခရီးပေါက်စေလို၍ ကရုဏာထားခြင်းပင် ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးက ခန္ဓာကိုယ်၏ ဆင်းရဲခြင်းဒုက္ခကို သိစေချင်သဖြင့် ခန္ဓာရတဲ့ ပုဂ္ဂိုလ်၏ အိုမှုဒုက္ခ၊ သေမှုဒုက္ခကို အသားပေး ဟောထားသည်။ စိန်တွေ တသီတတန်းကြီး ဝတ်ဆင်ထားပေမယ့် သေလမ်းသွားတာပါပဲလို့ ဟောတော်မူသည်။

နောင်ဘဝကြီးပွားချင်၍ တန်ခိုးကြီးတဲ့ ဘုရားရှေ့မှာ သွားပြီး ဆုတောင်းနေခြင်းသည်၊ ဘုရားမကြိုက်တဲ့ဆု၊ ဘုရားရွံမုန်းတဲ့ဆုကိုတောင်းနေသလို ဖြစ်သဖြင့် ဘုရားနှင့် ရန်သွားဖြစ်နေတာနှင့် တူကြောင်းကိုပါ ဟောတော်မူသည်။

ဤသို့ဆုတောင်းနေတာသည် သစ္စာမသိလို့ဖြစ်သည်။ ဘုံဘဝဆုတောင်းရင် လိုချင်တဲ့ တဏှာပါနေသဖြင့် နိဗ္ဗာန်မရဘူး လူရင်းတွေမို့ ဟောရတာဆိုပြီး တားမြစ်ထားပါသေးသည်။

ဤစာအုပ်သည် မန္တလေးမြို့ ရွှေလှံ့ရပ်နေ ဦးချစ်ဆွေ ဒေါ်မမတို့ နှစ်ဦးအား (၂၊ ၃၊ ၆၂) ရက်နှင့် (၃၊ ၃၊ ၆၂) ရက်နေ့ နံနက်၌ ဟောကြားဆုံးမတော်မူသော တရားတော် နှစ်ပုဒ်ကို ပေါင်းထားခြင်း ဖြစ်ပါသည်။

သူတော်ကောင်းရတနာ (၇) ပါး ပြည့်စုံကြပါစေ။

၈-၈-၂၀၀၁ အမှုဆောင်အဖွဲ့

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူသော တရားတော်

# လူတိုင်းမှာ အိုမှုသေမှုရှိတယ်

ဟောကြားသည့်နေ့ (၂-၃-၁၉၆၂)

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ကုရုတိုင်းမှာ သီတင်းသုံးပြီးသကာလနေတော့၊ မင်းတို့သည်ကားလို့ ဆိုလို့ရှိရင်ကွာ၊ ကိုယ့်ခန္ဓာ ကိုယ့်အကြောင်းတော့ နေ့တိုင်းလိုလို သုံးသပ်ဆင်ခြင်ဖို့ ကောင်းပါတယ်။

## ခန္ဓာကိုယ်ကို ဆင်ချင်သုံးသပ်ပါ

ကိုယ့်ခန္ဓာကြီးရထားတယ်၊ ကိုယ့်ခန္ဓာကြီးက ဘယ်လမ်းသွားနေတယ်၊ အခု ဘယ်လမ်းခုလတ်ဆီရောက်ပြီ၊ ရှေ့လည်း

သူ ဘယ်ဆိုက်မှာတုံး၊ ဒီလိုတွေးလုံးလေးတွေကို တွေးဖို့ကောင်း ပါတယ်၊ (တင်ပါဘုရား)။

ခန္ဓာကြီးရထားတယ်၊ အခုခန္ဓာကြီးက ဘယ်သွားနေ တုံး၊ သွားလို့ဘယ်လောက် ခရီးပေါက်ပြီတုံး၊ နောက်ခရီးဆုံးသူ ဘယ်ကျတော့ ဘာဖြစ်မှာတုံး ဆိုတာလေးဟာလည်း၊ မင်တို့သူ များမသုံးသပ်ချင်နေ၊ ကိုယ့်ဟာကိုယ်တော့ သုံးသပ်ဆင်ခြင်ဖို့ သိပ်ကောင်းပါတယ်- ဆိုတော့ တော်တော်အဖိုးတန်မယ့်စကား (တင်ပါဘုရားအဖိုးတန်ပါတယ်ဘုရား)။

## အိုရာကသေလမ်းသွားနေတယ်

အဲတော့ကွာတဲ့ ဥပမာမယ် မင်းတို့မှာတဲ့ ခန္ဓာရထား တယ်ဆိုတော့၊ ဩော်. . . အိုပါပေါ့လား-(၅၀) (၄၀) ကျော် တွေအိုလာပြီ အိုတဲ့နေရာကို ရောက်ပြီ ရှေ့ဘယ်များ ဒီခန္ဓာ ကြီးက ဆက်လက်ပြီးသကာလ ခြေလှမ်းသွက်ဦးမှာလဲ ဆိုတာလည်း ကိုယ့်ဟာကိုယ် စဉ်းစားလို့ရှိရင်၊ ဩော်. . .

ခန္ဓာရတဲ့ ပုဂ္ဂိုလ်က ဒီသစ္စာနှစ်ခုကိုယ်တိုင်ပြုပြီး သကာလနေတော့၊ ဩော် ခန္ဓာအလုပ်က ဒီသစ္စာနှစ်ခု ကိုယ်ပိုင်ပြုနေရတဲ့ဥစ္စာ၊ ဒီသစ္စာနှစ်ခုကြည့်လိုက်ပြန် တော့လည်း ဒုက္ခသစ္စာ။

ဒီဒုက္ခသစ္စာနှစ်ခုနဲ့ပဲ ကိုယ်ပိုင်ပြုလုပ်ပြီး နေရမတော့၊ ကဲ. . . ဒီဥစ္စာသည်ကားဆိုရင်ဖြင့်၊ ဘယ့်နှယ်ကြောင့် ကိုယ်ပိုင်လုပ်နေရပါလိမ့်မတုံးဆိုတဲ့ တွေးလုံးဟာလည်း တွေးဖို့အချိန်ရောက်ပြီကွာတဲ့၊ လက်ဖက်ချည်း ရောင်းနေလို့ မဖြစ်သေးဘူး၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## ခန္ဓာကြီးရထားလို့

အဲတော့ ကိုင်းဒါဖြင့် ကွာတဲ့၊ ပဋိစ္စသမုပ္ပါဒ် အတိုနည်းပဲ ငါဟောပါ့မယ်၊ အရှည်နည်းငါမဟောပါဘူး၊ အရှည်နည်းဆိုလို့ရှိရင်ဖြင့် မင်းတို့ရှုပ်နေရော့မယ်၊ ဒီနှစ်ခုဟာ ဘယ့်နှယ်ကြောင့် ဖြစ်ပေါ်ပေါက်ပြီး ကိုယ်ပိုင်ကျင့်၊ ကိုယ်ပိုင်အလုပ်၊ ကိုယ်ပိုင်ပစ္စည်း၊ မရုန်းနိုင် မကန်နိုင် တွေ့ရတဲ့အလုပ်နှစ် ခုလို့ ကိုယ်ကိုယ်တိုင် သိထားလို့ရှိရင်ဖြင့် သူဘယ်ကလာသတုံး၊ ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံး ဆိုတာလေးတော့ ဆက်တွေးကြပါဦး၊ သူ့အကြောင်းအရင်းကို ရှာပါဦးပေါ့ဗျာ (တင်ပါဘုရား)။

အကြောင်းအရင်းရှာတော့မှ ကွာတဲ့၊ မင်တို့လိုက်စမ်း ပါတဲ့ အကြောင်းအရင်းရှာလို့ရှိရင်၊ ဩော်. ခန္ဓာငါးပါးရလို့ပဲ- ဆိုတာပေါ် လာပါလိမ့်မယ် (တင်ပါဘုရား) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

အိုမှု သေမှု ဒုက္ခသစ္စာကြီးကို မလွဲသာ မရှောင်သာနဲ့ ဒီလမ်းချည်း၊ ဒီနေရာချည်း ဆိုက်နေရတာ၊ အင်းဘယ့်နှယ် ကြောင့်ပါလိမ့်မတုံးလို့ ရှာတဲ့အခါကျတော့၊ ဥပဓိနိဒါန် ဆိုတဲ့ အတိုင်း ခန္ဓာကြီးရထားလို့ပဲဟော့ လို့တွေးကွတဲ့ (တင်ပါဘုရား)။

## အိုရေးနဲ့သေရေးဟာကိုယ့်အရေး

ခန္ဓာကြီးရထားလို့ရှိရင်ဖြင့် အိုရေးနဲ့ သေရေးဟာ- ကိုယ့်အရေးမှတ်၊ အဲဒီလိုတွေးလိုက်တဲ့ အခါကျတော့မှ၊ ဩော်. . . ခန္ဓာသည်ကားလို့ ဆိုလို့ရှိရင်ဖြင့်၊ ဒီလမ်းနဲ့ ဒီစခန်း မလွဲတန်းသွားတတ်တယ်ဆိုတဲ့ဥစ္စာ သူ့ထုံးစံ၊ သူ့နိယာမလို့ မှတ်လိုက်စမ်းပါ။

သူ့ထုံးစံနဲ့ သူ့နိယာမဆိုတာ အတူတူပဲနော် . . . (တင်ပါဘုရား)၊ အင်း သူ့ထုံးစံနဲ့ သူ့နိယာမကို ခန္ဓာရထားတဲ့ ဥစ္စာ၊ ဩော်-ဒါဖြင့် ဟိုသစ္စာ၊ ဒီသစ္စာ နှစ်ခုသည်ကားလို့ဆို လို့ရှိရင်၊ ခန္ဓာရတဲ့ ပုဂ္ဂိုလ်၏ မလွဲသာမရှောင်သာ တွေ့ကြုံရမယ့် ကိစ္စကြီးနှစ်ခု၊ သဘောပါကြပလား. . . (သဘောပါပါပြီဘုရား)

## ဒုက္ခသစ္စာကြီးနှစ်ခုလို့မှတ်ပါ

ခန္ဓာရတဲ့ပုဂ္ဂိုလ်၏ မလွဲသာမရှောင်သာ တွေ့ကြုံရမယ်၊ ဒုက္ခသစ္စာကြီးနှစ်ခုပေါ့ကွာ (တင်ပါဘုရား)၊ အဲဒုက္ခသစ္စာကြီးနှစ်ခု လို့ အစ်မတို့က မှတ်ထားပါ. . . (မှန်ပါဘုရား)။

အဲဒီလိုမှတ်ထားလိုက်တဲ့အခါကျတော့၊ ဩော်. . အိုမှု- ဒုက္ခသစ္စာ၊ သေမှု ဒုက္ခသစ္စာကြီးဟာ ကိုယ့်ဟာကိုယ် ပြန်ပြီးသုံး သပ်လိုက်တဲ့အခါကျတော့ ခန္ဓာရတဲ့ ပုဂ္ဂိုလ်၏ အလုပ်ကို ဆိုတာ ပေါ်လာတယ်. . . (တင်ပါ)၊ ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

ဘယ်ပုဂ္ဂိုလ်၏ အလုပ်ပါလိမ့် (ခန္ဓာရတဲ့ပုဂ္ဂိုလ်၏ အလုပ်ပါဘုရား)၊ ခန္ဓာရတဲ့ပုဂ္ဂိုလ်၊ ခန္ဓာကြီးလက်ရှိ ရှိတဲ့ ပုဂ္ဂိုလ်၏အလုပ် ဘယ်သူ့အလုပ်ပါလိမ့် (ခန္ဓာကြီးလက်ရှိ ရှိနေတဲ့ ပုဂ္ဂိုလ်၏ အလုပ်ပါဘုရား) ဩော်. . . ခန္ဓာလက်ရှိ ရှိတဲ့ ပုဂ္ဂိုလ်၏ အလုပ်နော် (တင်ပါ)၊ ဘယ်သူက တော်တယ်လို့ မရှိပါလားဟေ့။

## အားကျနေစရာမလိုဘူး

အင်း. . . သူတော့ဖြင့် တော်တယ်၊ ဒီမြို့ထဲနေကြ ထိုင်ကြတာ သူကသာတယ်၊ သူကတော်သေးတယ်၊ ကျုပ်တို့က မတော်ဘူး၊ မသုံးပါနဲ့ ဘယ်သူမှ မတော်ဘူး၊ ခန္ဓာရတဲ့ ပုဂ္ဂိုလ် (တင်ပါဘုရား)။

ဘယ်သူတော်တယ်လို့ မသိလို့ အမှားလို့ ထင်မနေ လိုက်ပါနဲ့တဲ့၊ ဒီနှစ်ခု သွားနေတာပဲ ရှိတယ် (မှန်ပါ)၊ ဘယ်သူ သည် နေရာကျပြီ၊ စိန်တွေ သီးနေအောင် ဝတ်ထားတယ်။

ဘယ်သူသည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာ ခြင်းနဲ့ နေတယ်၊ အို. . . အစ်မ အားကျနေစရာမလိုဘူး၊ ဒီလမ်း သွားနေတာ သူကစိန်ဝတ်သွားတာ ထူးတာပဲ၊ စိန်ဝတ်ပြီးတော့ လမ်းက ဒီအတိုင်းသွားနေတာရှိတာပဲ (မှန်ပါ)။

## အိုလမ်းသေလမ်း၊ သူသွားနေတာ

အခုတော့ ဒကာ ဒကာမတွေက ဒီနှစ်ခုကို မသိတော့ ဩော်. . . သူက တော်လိုက်တာ သူ့အကျိုးပေးမျိုးဆို ဒို့တွေ့ချင် သေးတယ်၊ ဒို့ တွေ့ချင်ဟိုနှစ်ခုက တွေ့မှာ၊ သူ့အဖြစ်မျိုးက မလွယ်ဘူး၊ တယ်ကုသိုလ်ကောင်းတယ်၊ ဘယ်ကောင်းရမှာတုံး၊ သူသွားနေတဲ့ လမ်းကြည့်လိုက်တဲ့အခါကျတော့ အိုလမ်း သေလမ်းသူသွားနေတယ်၊ သူလည်းဒါရှိတာပဲ၊ နောက်တောင်း လို့ ရသေးလား (မရပါဘူးဘုရား)။

## မသိချီးမွမ်းနေတာ

မရတော့ အစ်မတို့ကဖြစ်စေ၊ မောင်ချစ်ဆွေက ဖြစ်စေ မသိချီးမွမ်းနေတာ (တင်ပါဘုရား)၊ မသိချီးမွမ်းကြီး (မှန်ပါတယ်

ဘုရား မသိချိုးမွမ်းပါဘုရား)၊ မသိချိုးမွမ်းကြီး (တင်ပါ)။

ဘယ်လို မသိချိုးမွမ်း ဖြစ်နေသတုံးဆိုတဲ့ အခါကျတော့၊ ဟိုသစ္စာနှစ်ခုကို လှမ်းမမြင်တော့၊ ဒီဟာကြီးကို သုဘထင်ပြီး သကာလနေတော့၊ သုဘက ဖုံးလိုက်တာ၊ တင့်တယ် တယ်ဆိုတဲ့ အမှတ်တစ်ချက်တည်း ဖုံးလိုက်တော့ ဟိုသစ္စာနှစ်ခု ပျောက်သွားတယ်။

## သစ္စာပျောက်တဲ့တရား

ဒါကြောင့် ချိုးမွမ်းတဲ့ အသံထွက်လာတာ၊ ဒါဖြင့် သုဘသညာဟာလည်း သစ္စာပျောက်တဲ့တရားပဲ (မှန်ပါ)၊ ပေါ်ပလားကွ (ပေါ်ပါပြီဘုရား)။

သုဘသညာဟာ ဘာပါလိမ့် (သစ္စာပျောက်တဲ့တရားပါဘုရား)၊ သစ္စာပျောက်တဲ့တရား (တင်ပါဘုရား)၊ အဲဒါကြောင့် အစ်မတို့ မြို့ထဲရွာထဲ ပွဲတွေ လမ်းတွေ သွားတဲ့ လာတဲ့အခါကျလို့ရှိရင်ဖြင့်၊ အို. . . သူ့အရွယ်နဲ့ သူဝတ်ထားတာနဲ့ သူ့အကျိုးပေးနဲ့ ကျေနပ်ဖို့ ကောင်းပါတယ်။

ကိုယ်ကပြောတော့ သစ္စာမသိတာ၊ ဟိုကနေတဲ့ ပုဂ္ဂိုလ်ကလည်း မသိတာပဲ (တင်ပါ)၊ သူကလည်း စိန်ဝတ်လို့၊ ဇရာက မရိုက်ဘူး၊ မရဏက မသတ်ဘူးဆိုလို့ ရှိရင်တော့၊ ဘုန်းကြီးက ဒီဥစ္စာ ဒီတရားထဲ ထည့်ပြောဖို့ မလိုပါဘူး (မှန်ပါဘုရား)၊ မဟုတ်ဘူးလား။

## စိန်တွေဝတ်ပြီးအိုရ၊ သေရတယ်

ဒီစိန်ကြီးနဲ့ပဲ - ဇရာကြောင့် အိုခြင်းဆိုးဖြစ်တာပဲ၊ မရဏ လက်ချက်နဲ့ ဝိညာဏ်ချုပ်ရတာလည်း မောင်ချစ်ဆွေ အထင် အရှားပဲ။

အဲဒါဘုရားက နေပြီးသကာလ ခင်တဲ့ပုဂ္ဂိုလ်ချီးမွမ်းတာ၊ မုန်းတဲ့ပုဂ္ဂိုလ်မျက်စောင်းထိုးတာ၊ မျက်စောင်းထိုးလည်း သစ္စာ မသိတာပဲ၊ ခင်လို့ချီးမွမ်းနေလည်း သစ္စာမသိတာပဲ၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ခင်လို့ချီးမွမ်းရင်လည်း (သစ္စာမသိတာပါဘုရား)၊ မျက်စောင်းထိုးပြန်လည်း (သစ္စာမသိတာပါဘုရား)၊ မျက်စောင်း ထိုးပြန်တော့လည်း သစ္စာမသိတာပဲ၊ ခုမှအကြီးအကျယ်လုပ်လို့ အစရှိသည်နဲ့ မိန်းမဆိုတော့ ငေါ့တာကြည့်တတ်သကိုကွ (တင်ပါ)။

## သစ္စာမသိတဲ့ပုဂ္ဂိုလ်

အဲဒါကြောင့် ဒါသစ္စာမသိတဲ့ ပုဂ္ဂိုလ် ကိုယ့်ပါးစပ်က ထွက်တာဟူသ၍သည်ကားလို့ ဆိုလို့ရှိရင်ဖြင့်၊ လမ်းသွားမထူးပဲ နဲ့ ကိုယ့်ပါးစပ်က အထူးလုပ်ပြီးသကာလနေတာ၊ ဒါ-သုဘ သညာနှိပ်စက်တာ၊ သုဘသညာနဲ့ သုခသညာနှိပ်စက်တာလို့ မှတ်လိုက်စမ်းပါ၊ (တင်ပါဘုရား)။ ရှင်းပလား (ရှင်းပါပြီဘုရား)။

သုဘ-တင့်တယ်တယ်ထင်တဲ့၊ သညာက အမှတ် (တင်ပါ) တင့်တယ်တဲ့အမှတ်၊ ချမ်းသာတဲ့အမှတ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒီအမှတ်နှစ်ခု နှိပ်စက်လိုက်တာ တစ်ခါတည်း သူ့ခန္ဓာထဲ ရှိတဲ့ သစ္စာနှစ်ခု သူသွားနေတဲ့ လမ်းဆိုး လမ်းကြမ်းကြီးဟာ ပျောက်ထွက်သွားတယ် (မှန်ပါဘုရား)၊ ကိုယ်လည်းမသိဘူး၊ ကိုယ်လည်းဒီလမ်းသွားတယ်လို့ မသိဘူး။

သူလည်း ဒီလမ်းသွားတယ်လို့ မသိဘူးဆိုတော့၊ တစ်ခါတည်း ဟိုလူလည်း ကွယ်၊ ကိုယ်လည်း ကွယ် (တင်ပါဘုရား)၊ သစ္စာနှစ်ခုလုံးပျောက်ထွက်သွားတယ်၊ ခင်ဗျားတို့ အတွက်ကိုယ်ပိုင် ကိုယ်ဆိုင်ရမယ့် သစ္စာကတော့ အမှန်ပဲ (တင်ပါဘုရား)။

## စိန်တွေဝတ်နေလည်း ဒီလမ်းပါပဲ

စိန်တွေတသီတတန်းကြီးနဲ့ ဝတ်ဆင် ကျကျနန နေလည်း ဒီလမ်းပဲ၊ မဝတ်ဘဲ သွားလည်း (ဒီလမ်းပါဘုရား)၊ ဒီလမ်းပဲ အဲတော့ဘာထူးသတုံးဆိုတော့၊ ဖီးလိမ်းပြီး အခွန်ဆက်တာနဲ့ မဖီးမလိမ်းပဲနဲ့ အခွန်ဆက်တာ ဒါပဲ ထူးခြားပါတယ်၊ ရှင်းပလားကွ (ရှင်းပါပြီဘုရား)။

ဖီးလိမ်းပြီး အခွန်ဆက်တာနဲ့ မဖီးလိမ်းပဲနဲ့ အခွန်

ဆက်တာ ဇရာကို အခွန်ဆက်၊ မရဏကို အခွန်ဆက်၊ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ကောင်းပြီ. . . ငါးနန္ဒင်း၊ ဆားနယ်ပြီး သကာလ ပန်းကန်ပြားနဲ့ တည်တာနဲ့၊ အင်း-ငါးပိအတိုင်းတည်တာနဲ့ ဒါပဲ ထူးမှာပါပဲ၊ (တင်ပါ)၊ ထူးသေးရဲ့လား (မထူးပါဘုရား)၊ အပြီးသတ်တော့ စားဖို့ ဝါးဖို့ပါပဲ၊ ငါးပိတည်တော့လည်း အနံ့ဆိုး၊ အမြင်ဆိုး၊ ပြီးတော့လည်း စားတဲ့ပုဂ္ဂိုလ်၏ စားဖတ် ဝါးဖတ် ဖြစ်ရတာပဲ (တင်ပါဘုရား)။

ဆားနယ်ပြီးသကာလ အနံ့မနံအောင် ဖုံးထားငြားသော်လည်း၊ စားတဲ့ပုဂ္ဂိုလ်၏ စားဖတ်ဝါဖတ်ပဲ သွားဖြစ်တာပဲ၊ ရှင်းပလားကွ (ရှင်းပါပြီဘုရား)။

## သစ္စာမသိကြလို့

ဒါက အထင်လွဲနေမှာစိုးလို့ ဒီတရားဟောရတာကွ၊ (တင်ပါဘုရား)၊ တစ်ယောက်တစ်ယောက်မှ ကုသိုလ် ကာမာဝစရက ဒီလောက်ရှိလို့ ဒီလောက်ပဲ၊ သူတို့မှာတော့ ကာမာဝစရ ကုသိုလ်တည့်လို့ ဒီလိုတင့်တောင့် တင့်တယ် ဖွယ်ဖွယ် ရာရာ တွေဖြစ်ရတာ အစရှိသည်နဲ့ ထွက်လာလို့ရှိရင် ဒီလူလည်း သစ္စာမသိဘူး (တင်ပါဘုရား)။

သူ့အခွန်ဆက်ချင်တာလည်း သူမသိဘူး၊ သူက

ဘယ်လိုများမှ အခွန်ဆက်ချင်သတုံးဆိုတော့ "နန္ဒင်းဆားနယ် ငါးသဖွယ်လို" အခွန်ဆက်ချင်တယ်၊ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။ ဒါက သေချာယှဉ်တွဲဖေါ်နဲ့ပြောမှ ပေါ်လာတာ၊ နို့မဟုတ်ရင် မပေါ်ဘူး (မပေါ်ပါဘူး)။

မပေါ်ဘူးတဲ့ နို့မဟုတ်လို့ရှိရင်ဖြင့်၊ အင်း အတူတူပဲ ဒီလောက်ပဲထင်တာ (မှန်ပါဘုရား)၊ အတူတူပဲ ဒီလောက်ထင် တာက မဟုတ်ဘူးတဲ့၊ အခွန်ဆက်တာခြင်း ကွာခြားကြတယ်၊ နန္ဒင်းဆားနယ်ပြီး အခွန်ဆက်တာနဲ့အများကြီး ကွာဘူးလား (အများကြီး ကွာပါတယ်ဘုရား)။

သို့သော် စားတဲ့ပုဂ္ဂိုလ်၏ စားဖတ်ဝါးဖတ်အဖြစ်တော့ တူကြတာပဲ၊ မတူဘူးလား (တူပါတယ်ဘုရား)၊ စားတဲ့ပုဂ္ဂိုလ်၏ စားတဲ့ဝါးတဲ့ အဖြစ်ကြတော့ (တူပါတယ်ဘုရား)။

## သုဘသညာနဲ့ သုခသညာ

ဒါကြောင့် ခင်ဗျားတို့ သုဘသညာနဲ့ သုခသညာဟာ ဒီဒကာ ဒကာမတွေကို အလွန်နှိပ်စက်ပြီးသကာလ နေသော ကြောင့် ဒုက္ခသစ္စာ ပျောက်ရပါတယ်၊ ပေါ်ကြပလား (ပေါ်ပါ တယ်ဘုရား)၊ ဒုက္ခသစ္စာကို ဘယ်သူဖုံးသလဲဆိုရင် သုဘသညာ နဲ့ သုခသညာဖုံးသည် (တင်ပါဘုရား)။

ဒုက္ခသစ္စာကို (ဒုက္ခသစ္စာကို သုဘသညာနဲ့ သုခ

သညာက ဖုံးပါတယ်ဘုရား) အဲ ဟုတ်ပြီသုဘသညာနဲ့ သုခသညာကနော် (တင်ပါဘုရား)၊ ဖုံးလိုက်တော့ ကြည့်စမ်းပါတဲ့ နတ်ပြည်ဆုတောင်း၊ ဗြဟ္မာ့ပြည်ဆုတောင်းတဲ့ ပုဂ္ဂိုလ်များဟာ၊ ဟ-ဘယ်သညာက တောင်းခိုင်းတာတုံးကွ၊ ပြောစမ်းပါဦးကွ၊ (သုဘသညာနဲ့ သုခသညာကပါဘုရား) ဒါကတောင်းခိုင်းတာ (တင်ပါဘုရား)။

အခွန်ဆက်ပါရစေ၊ ဆက်ပေမယ့် လှလှပပ၊ သူက သုခ-ဖြစ်ပြီးသကာလ ဆက်ပါရစေဆိုတဲ့ အဓိပ္ပါယ်ပဲ မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)၊ ရောက်တယ်။

## လူ့ပြည်၊ နတ်ပြည်ဆုတောင်းရင်

အဲတော့ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ဆုတောင်းတဲ့ ပုဂ္ဂိုလ်များဟာ အရှုးကွ၊ သညာဝိပ္ပလ္လာသနဲ့ တောင်းတာ (တင်ပါဘုရား)၊ သဘောကျပလား (သဘောကျပါပြီဘုရား)။

သုခဝိပ္ပလ္လာသနဲ့ တောင်းတာ သုခစစ်မှ မဟုတ်ပဲကိုး (တင်ပါဘုရား)၊ အဲဒါဖြင့် တောင်းလိုက်တော့ကို၊ လူ့ပြည် ဆုတောင်းတာ၊ ဗြဟ္မာ့ပြည်ဆုတောင်းတာ အပြစ်ဆိုချင်လို့ မဟုတ်ပါဘူး၊ သူ့အမှားကို အရင်းကျကျသိတော့ကို၊ မဆိုသော်လည်း ဒီအပြစ်ဟာ သင့်သွားတာပဲ၊ မသင့်ဘူးလား (သင့်ပါတယ်ဘုရား)။

အဲတော့ တောင်းနေတဲ့ ပုဂ္ဂိုလ် အစ်မတို့က အသံကြား မောင်ချစ်ဆွေတို့က အသံကြားလို့ရှိရင်၊ ပြော်. . . ဒီသညာ နှစ်ခု သူ့လှည့်နေတာ သူမသိရှာဘူး (တင်ပါဘုရား)။ အင်း- (မသိပါဘူးဘုရား) သုဘသညာနဲ့ သုခသညာဆိုတော့ ဝိပ္ပလ္လာသ နှစ်ခု (တင်ပါဘုရား)၊ သူ့လှည့်နေတာ မသိဘူး၊ သူက တောင်းမြဲ တောင်းနေတာ (တင်ပါ)။

## ဘုရားရှေ့သွားပြီး အရှုးထတာ

ဒါဖြင့် ဘုရားရှေ့သွား အရူးထရင်ကော၊ ဘယ့်နှယ်ဆို ကြမတုံး (ဘုရားရှေ့သွားပြီး အရူးထနေတာပါဘုရား)၊ အင်း- ရှုးချင်ကိုယ့်အိမ်တွင် ကိုယ်ရှုးပါလားကွ (ဘုရားရှေ့ဆုတောင်း ပြည့်မှာပါဘုရား)၊ ရှူးချင် ကိုယ့်အိမ်တွင် ကိုယ်ရှူးနေကိစ္စမရှိဘူး၊ ဟုတ်ဘူးလား။

တကယ့်မရှုးကောင်းတဲ့ နေရာမှာ သွားရှူးတယ်၊ အဲတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၊ အကြိုက်ပဲဖြစ်လေရော့ လား၊ ဟုတ်လား?၊ မျက်နှာလွှဲစရာဖြစ်လေရော့လား၊ သံဝေဂ ရစရာ ဖြစ်လေရော့လားဆိုတာ မင်းတို့ပဲ တွေးကြတာပေါ့ (တင်ပါဘုရား)။

မျက်နှာလွှဲစရာ၊ ဘုရား၏ မျက်နှာလွှဲစရာ၊ ဘုရား၏ သံဝေဂဖြစ်စရာ၊ ရှင်းပလား (ရှင်းပါပြီဘုရား)၊ ဘယ့်နှယ့်ကြောင့်

ဘုရား၏ မျက်နှာလွှဲစရာ၊ ဘုရား၏ သံဝေဂဖြစ်စရာလို့ ဆရာဘုန်းက အကြီးအကျယ်ဟောရပါလိမ့်မတုံး မေးတဲ့အခါ ကျတော့၊ သူ့ရှေ့အရှုးထလို့ (တင်ပါဘုရား)၊ ကိုယ်ကလည်း မထကောင်းမှန်းကလည်းမသိ၊ ရှုးတာ အရှုးမှန်းကလည်းမသိတဲ့ ပုဂ္ဂိုလ်ဖြစ်နေတော့ အတော်ကြောက်စရာကောင်းတယ် (တင်ပါဘုရား)။ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဒါမင်းတို့ ငယ်တုန်းက ရှုးခဲ့ပုံတွေပေါ့လေ (တင်ပါဘုရား) ရှုးခဲ့ပုံတွေနော် ဒါကြောင့် အရှုးက တခြားသောနေရာမှာ ရှုးလို့ ရှိရင်၊ မင်းအိမ်ထဲ ရှုးလို့ရှိရင် အရေးမကြီးပါဘူး၊ မင်းပွဲစိုးပွဲရှုးတော့ သာပြီး အရုပ်ဆိုးတယ် (တင်ပါဘုရား)။

ဘယ့်နှယ် ဆိုကြမတုံး (မင်းပွဲစိုးပွဲ သာပြီး အရုပ်ဆိုး ပါတယ်ဘုရား)၊ သူ့ဟာသူအမိုက်တွေ တောထဲ ရှုးနေတာ အစ်မအရေး မကြီးပါဘူး (တင်ပါဘုရား)။

ခုတော့ တကယ့် အရှုးပျောက်ဆေး ကုနေတဲ့ ကိုယ်တော်ကြီးရှေ့မှာ ရှုးပုံဇာတ်ခင်းတာကို (တင်ပါဘုရား)၊ ပေါ်ပလား (ပေါ်ပါပြီးဘုရား)။ သတ္တာဒေဝမနုဿာနံ ပေါ်ရော ပေါ့၊ ရှင်းပလား (ရှင်းပါပြီဘုရား)။ ကြောက်စရာကြီးပါလား ရှုးတာတောင် နေရာမရွေးနိုင်ဘူးနော်။

## ဒီနေရာမှ ဆုတောင်းပြည့်တယ်

မရှုးကောင်းတဲ့နေရာ၊ ရှုးကောင်းတဲ့နေရာ သူမသိဘူး၊ ဒီနေရာမှ ပိုအရှုးထတယ်ဆိုတဲ့ အဓိပ္ပါယ်ရှင်းသွားတယ် (တင်ပါဘုရား)၊ မင်းပြောသလိုပဲ ဒီနေရာမှ ဆုတောင်းပြည့်တယ် ထင်တာကလည်း၊ ဒီနေရာမှ ရှုးကောင်းတယ်လို့ ပြောတာပဲ (တင်ပါဘုရား)။ အတော်ဆိုးဝါးတယ် (တင်ပါဘုရား)။

ကိုင်း-ဒါဖြင့် ဒီလိုဟာတွေ သိတော့မှ ဒို့သည်ကားလို့ ဆိုရင်ဖြင့်၊ ဘယ်သူက ဘာဝတ်သွားသွား၊ ပြင်ပြင်ဆင်ဆင်နဲ့ အခွန်ဆက်ဖို့ပဲ၊ ဒုက္ခသစ္စာနှစ်ခုအခွန်ဆက်ဖို့ပဲ၊ မဝတ်မစားပဲနဲ့ မပြည့်မစုံတဲ့ ပုဂ္ဂိုလ်ကလည်း အင်း. . ရှိသ၍နဲ့ အခွန်ဆက်ဖို့ပဲ (တင်ပါဘုရား)။ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား)။

အခွန်ဆက်ကျတော့ ထူးသေးရဲ့လား (မထူးပါဘူး ဘုရား)၊ မထူးဘူး၊ မရဏမင်းကတော ဘယ်သူ့ကို နွေးနွေး စားမယ်၊ ဘယ်သူ့မြန်မြန်စားမယ်လို့ သူမထူးခြားဘူး (မျက်နှာမ လိုက်ပါဘုရား)၊ မျက်နှာမလိုက်ဘူး ဟုတ်လား သူ့ရှေ့ရောက် လို့ရှိရင် ချက်ချင်းရိုက်နှက်ပြီး သတ်ပြီးသကာလ သူစားခြင်း ဝါးခြင်း အလုပ်မှတစ်ပါး သူဘာမှ မလုပ်ပါဘူး၊ သဘောပါပလား (သဘောပါပါပြီဘုရား)။

အဲဒါသိတော့မှ ဩော်. . . မြို့လယ် နေရပြားသော် လည်း မြို့စိတ်ပေါက်ရတာ အရှုးတစ်မျိုးပါလားဟော့ (မှန်လှပါ

ဘုရား)၊ ပေါ် လာတယ် မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)၊ ဆိုနိုင်တယ်တဲ့၊ သို့သော်လည်း အများက ဒီလိုဖြစ်နေတော့ တပည့်တော်များမှာ လူ့အလိုက်၊ လူ့ဘာသာဆိုတာ နေရသေးတာပဲဆိုတော့ အများရှုးလို့မှ မရှုးလို့ရှိရင် မကောင်းလို့ပဲ ထ, ရှုးလိုက်တယ် အဓိပ္ပါယ်ဆိုတော့ ဒီအဓိပ္ပါယ် ပြန်ရောက်တာပဲ (တင်ပါဘုရား)။

မသိအရှုးနဲ့ သိရှုးဆိုလို့ရှိရင် ဒီအရှုးက ရှောင်ရမှာပေါ့ကွာ (မှန်ပါတယ်ဘုရား)၊ ရှောင်ရမှာပဲတဲ့ ဝတ်တာစားတာ မကြည်ညို လို့ မဟုတ်ပါဘူး၊ ဒီသစ္စာ အခွန်ဆက်တဲ့ အခါကျတော့ ဪ . . . ဒီအခွန်ဆက်နည်းကလည်း တစ်မျိုးဆိုတဲ့ အဓိပ္ပါယ်လည်း ရှင်းသွားအောင်လို့ပါ (တင်ပါဘုရား)။

## အို့မှုသေမှုခန္ဓာကြီးကလာတာ

ကိုင်း-ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အို့မှု၊ သေမှုကွာတဲ့ မင်းတို့သည်ကားလို့ ဆိုရင်ဖြင့် ကိုယ့်ဟာကိုယ် သုံးသပ်ကြည့်စမ်းပါ ဘယ်ကများလာတယ် ဆိုတာ၊ ဒီခန္ဓာကြီးက လာတာကွတဲ့။

ဆင်လည်း ဒီခန္ဓာက လာတာပဲ၊ မဆင်လည်း (ဒီခန္ဓာက လာတာပါဘုရား) ဆင်၊ မဆင် ဘုရားက ထူးတယ်လို့ ဆိုသေးလား၊ (မဆိုပါဘူးဘုရား)၊ မထူးဘူး ဒီလမ်းပဲ သွားမယ်ကွ

တဲ့၊ အိုလမ်း၊ သေလမ်းပဲ၊ တခြားသွားစရာရှိသေးရဲ့လား (မရှိပါဘုရား)။

မရှိတော့ပါဘူးတဲ့၊ တစ်ခါ ရှေ့တိုးဖို့လာတယ်ကွာတဲ့ မင်းတို့ ကောင်းပါသေးတယ်၊ အရင်းကျကျလေး လိုက်လိုက်၊ လိုက်လိုက်သွားလို့ရှိရင် သိပ်အဖိုးတန်တာ၊ ဘာဖြစ်လို့တုံး ဆိုတော့ နွယ်တစ်ခုဖြတ်မယ်ဆိုလို့ရှိရင် အဖျားကဖြတ်ရင် အရင်းက ဖြာလာလိမ့်မယ်ကွ၊ ဟုတ်ဘူးလား (တင်ပါဘုရား)။

အရင်းက ဖြတ်လို့ရှိရင်ဖြင့် ဖြာစရာရှိသေးလား (မရှိပါဘူးဘုရား)၊ အဲတော့ အဖျားဖြတ်နဲ့ အရင်းဖြတ်ကိုလည်း မင်းတို့ သိဖို့ ကောင်းတယ်လို့ ငါရှေ့ကနေ လမ်းခင်းပါတယ်ဆိုတဲ့ အဓိပ္ပါယ်လည်း ဘုရားက ဟောပြန်တယ် (တင်ပါဘုရား)။

## ခန္ဓာဘယ်ကလာသတုံး

ဒီခန္ဓာဘယ်ကလာသတုံးလို့ တွေးပါကွာ ဆိုတော့၊ ဒီခန္ဓာဟာ ဘုံဘဝလိုချင်တဲ့ တဏှာက လာတာကွာ၊ ဟောလက်သည်ကို ဆိုသွားတယ် (တင်ပါ)။

ပဋိစ္စသမုပ္ပါဒ် သူချုပ်လိုက်တယ်ဘုရားက၊ ဒါဖြင့် သမုဒယသစ္စာဆိုတော့ ဟိုကဒုက္ခသစ္စာ သွားဖြစ်ပြီ (မှန်ပါဘုရား)၊ ဆင်လည်း ဒုက္ခသစ္စာပဲ (မဆင်လည်း ဒုက္ခသစ္စာပဲ) မဆင်လည်း ဒုက္ခသစ္စာပဲ၊ သူဘယ်က လာတာတုံး၊ တဏှာက

လုပ်တာ၊ ဒီခန္ဓာကြီးကို၊ (တင်ပါဘုရား)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

## ဘုံဘဝလိုချင်တဲ့တဏှာကလာတာ

ဒီခန္ဓာကြီး ဘယ်သူက တည်ထောင်လို့ ဖြစ်လာပါလိမ့် မလဲလို့ အစ်မတွေးစမ်း (ဘုံဘဝဆုတောင်းတာက လာတာပါ ဘုရား)၊ ဘဝလိုချင်တဲ့ တဏှာက တည်ထောင်လိုက်တယ်၊ ဩော် တွေးလိုက်တဲ့အခါကျတော့၊ ငါ့မှာ အရုပ်ဆိုးတာ တည်ထောင်လို့ အကျည်းတန်ဖြစ်တာပါလားဆိုတာ ပေါ်လာ တယ်၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အရုပ်ဆိုးတာ တည်ထောင်လို့ အကျည်းတန် ဒုက္ခ သစ္စာဖြစ်လာတာ၊ အရုပ်ဆိုးသမုဒယ သစ္စာက တည်ထောင်လို့ ရှင်းပလားကွ (ရှင်းပါတယ်ဘုရား)။ တော်တော် အရေးကြီး တယ်ကွနော်။

အရုပ်ဆိုးသမုဒယက တည်ထောင်လိုက်တဲ့အတွက် အကျည်းတန် ဒုက္ခသစ္စာကြီးရထားတာကို၊ ဘယ်လိုပဲပြုပြင် နေနေ နန္ဒင်းဆားနယ် ငါးသဖွယ်ပဲဖြစ်မှာပဲ၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## လူရင်းတွေမို့ဟောလို့ရတာ

ဒါ လူရင်းတွေမို့ ဟောလို့ရတာပါကွ (တင်ပါဘုရား)၊ အရင်းတွေမို့ ဟောလို့ရတာပါ။ တော်တော်ပဲ ဒီသမုဒယသစ္စာကလည်း အကျည်းတန်ဒုက္ခသစ္စာကြီး၊ အရုပ်ဆိုးသမုဒယသစ္စာကြောင့် အကျည်းတန်ဒုက္ခသစ္စာကြီးရထားတော့၊ သူကြီးသလောက် တန်ဖိုးမရှိဘဲ့အခါ၊ သူသွားရာလမ်းကြည့်လိုက်တော့ကို၊ ဇရာမရဏ လမ်းပဲ အပြေးသွားတယ်၊ ခန္ဓာက (တင်ပါဘုရား)။

မသွားဘူးလား (သွားပါတယ်ဘုရား)၊ ဇရာ မရဏ လမ်းပဲ သူအပြေးလှမ်းပြီး သကာလ နေတော့တယ်ဆိုတာလည်း ပေါ်လာတယ်၊ ဒါဖြင့် လက်သည် နောက်ဆုတ်နောက်ဆုတ်လိုက်လာတော့ အဖျားကနေ ကိုင်လိုက်၊ မြှောက်လိုက်တဲ့အခါကျတော့ အစ်မ အရင်းလေးတွေ ပေါ်ပေါ်လာမှာကို (တင်ပါဘုရား)။

မပေါ်ပေဘူးလား (ပေါ်ပါတယ်ဘုရား)၊ နွယ်လေး တစ်ခုအဖျားကနေ မြှောက်လိုက်တဲ့အခါကျတော့ကွာ (ပေါ်ပါတယ်ဘုရား)၊ ဇရာ၊ မရဏကနေ မြှောက်လိုက်တော့ ခန္ဓာလာတွေ့တယ်၊ (တင်ပါဘုရား)။

## တဏှာဘယ်ကလာပါလိမ့်

ခန္ဓာကို ရအောင်မြောက်ပစ်လိုက်ပြန်တော့ တဏှာလာတွေ့တယ်၊ ဒီ တဏှာမြောက်ပါဦး သူ့လည်း အရင်းရှိသေးတယ်တဲ့ (တင်ပါ)၊ တဏှာမှာ အရင်းရှိသေးတယ်တဲ့၊ ဒီတဏှာဟာက-ကွာ၊ အကျည်းတန် တဏှာက အရုပ်ဆိုးဒုက္ခသစ္စာကြီးက လုပ်ပြန်တာပဲ၊ ဒီတဏှာဟာက ဘယ့်နှယ့်ကြောင့် ဒီဥစ္စာလုပ်ရပါလိမ့်မတုံးဆိုတော့၊ လောကကြီးထဲမှာလည်း ဝတ်စားပြီး၊ ဝဖြိုး၊ သားတွေ၊ သမီးတွေနဲ့၊ ဆွေနဲ့ မျိုးနဲ့ ချောချောလှလှ ယဉ်ယဉ်ကျေးကျေး၊ ဒါကို ကြည့်မိလို့ ဒီတဏှာက လာတာဟော့၊ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီတဏှာသည် **ပိယသာတ** က လာတာကွဲ၊ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)၊ ဒီတဏှာ ဘယ်ကလာပါလိမ့် (ပိယ-သာတက လာတာပါဘုရား)။

## သူများမြင်တာကလာတာ

အဲ အစ်မတို့ သူများမြင်တာက လာတာတဲ့ (တင်ပါဘုရား)၊ ကြည့်ပါလား သူသည် အဝတ်ကလေးဝတ်ရင် ငါလည်းဝတ်ဦးမှ၊ ဟော သူများ မြင်တာက လာတာ (တင်ပါဘုရား)၊

သူ အိမ်ထောင်ကျတယ်၊ သူ့ဒီလိုပဲ တင့်တောင့် တင့်တယ် လင်နဲ့မယားနဲ့နေကြတယ်၊ ငါလည်း ကျဦးမှ တော်မယ် (မှန်ပါဘုရား)၊ ဟော-ပီယ သာတကချည်း လာတာ ပဲ (တင်ပါဘုရား)။ ပေါ်ပလားကွ (ပေါ်ပါပြီဘုရား)။ ဒါဖြင့် ဒီတဏှာ ဘယ်ကလာပါလိမ့်မတုံး ဆိုတဲ့ အဓိပ္ပါယ် ရှင်းပါပြီ ကွာ။

ပီယသာတ က လာတာတဲ့ကွ (တင်ပါဘုရား)၊ သဘောပါပလား (သဘောပါပါပြီဘုရား)။ ပီယသာတက လာတာတဲ့၊ (တင်ပါဘုရား)။

ကဲ-ဒါဖြင့် ဒီလောကထဲ အဝတ်အစားတွေ အမျိုးမျိုး အဖုံဖုံပြင်ကြ ဆင်ကြတယ်ဆိုတော့၊ အဝတ်အစား တဏှာက အတော်ခြားတာကွ၊ ဘယ့်နှယ်တုံး သူများဝတ်လာတာ မြင် တော့ သူ့ပုံလေးက ကောင်းတယ်၊ သူဟာလေးကို ပြန်ရိုက်ဦးမှ တော်မယ် အစရှိသည်နဲ့ ဒီပီယသာတချည်းလာတာပဲ။

## ပီယသာတအာရုံကလာတယ်

ဒါဖြင့် တဏှာ ဘယ်က လာတုံး ပီယသာတ အာရုံက လာတယ် (တင်ပါ)၊ ရှင်းပလား (ရှင်းပါပြီဘုရား)၊ တဏှာ ဘယ်က လာသတုံး (ပီယသာတ အာရုံက လာပါတယ်ဘုရား)။

## အာရုံကို ဝိပဿနာရှုရမယ်

ဒါဖြင့် ဒီအာရုံကို ဝိပဿနာ မရှုရင်မရဘူး၊ ဒီအာရုံရှုတော့မှ တဏှာက သေတယ်၊ တဏှာသေတော့ ခန္ဓာမလိုက်ပါဘူး၊ သဘောကျပလား (သဘောကျပါပြီဘုရား)။

ခန္ဓာမလိုက်မှ အိုဘေး နာဘေး လွတ်မယ် (တင်ပါဘုရား)။ ဆိုတော့ အရေးမကြီးဘူးလား ကြီးသလား (အရေးကြီးပါတယ်ဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲ-နက်ဖြန်မှ လုပ်ပုံ ပြောကြစို့. . . နာရီက စေ့သွားပြီ။

သာဓု. . .၊ သာဓု. . .၊ သာဓု. . .။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူသော တရားတော်

# လူတိုင်းမှာ အိုမှုသေမှုရှိတယ်

ဟောကြားသည့်နေ့ (၃-၃-၁၉၆၂)

ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကုရုတိုင်းမှာ သီတင်းသုံးနေတဲ့အခါကျတော့ကို၊ ရဟန်းတွေက မြတ်စွာဘုရား ဘာများဟောမလဲ၊ ဘာများပြောမလဲဆိုပြီး သကာလ၊ ရဟန်းတွေက အနားဝိုင်းနေတဲ့အခါကျတော့၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရဟန်းတို့ မင်းတို့သည်ကားလို့ဆိုရင် ဒီအတိုင်းမနေကြနဲ့။

## ခန္ဓာကိုယ်အတွင်းသားသုံးသပ်ကြ

ခန္ဓာကိုယ်ကိုလည်း မင်းတို့ ဒီအတိုင်းမနေကြနဲ့၊ အတွင်းသား သုံးသပ်ကြရဲ့လား၊ သုံးသပ်ပြီးသကာလနေမှသာ လျှင် သစ္စာသိမယ်ဆိုတဲ့ အဓိပ္ပါယ်ဘုရားက ပြောလိုက်တယ်။

အဲဒီတော့ ရဟန်းတစ်ပါးက ထပြီးသကာလ တပည့်တော်သုံးသပ်ပါတယ်ဘုရား. . မင်းသုံးသပ်တာ ပြောစမ်းပါ။

တပည့်တော် **ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ** . . . (၃၂) ကောဋ္ဌာသကို အနုလုံ၊ ပဋိလုံ သုံးသပ်နေပါတယ် ဆိုတော့ ဘုရားက ဘာမှမပြောဘူး၊ သူ့အလိုမကျဘူး။

မကျတာနဲ့ ရှင်အာနန္ဒာကလည်း အနားရှိတာနဲ့၊ ရှင်အာနန္ဒာက အရှင်ဘုရား. . . တဲ့၊ အခုအရှင်ဘုရားမေးတဲ့ အမေးဟာ အရှင်ဘုရားဖြေမှပဲ အရှင်ဘုရား အလိုကျ ဖြစ်မှာပါ ပဲ. . . တဲ့၊ အရှင်ဘုရား၏ အလိုကို မည်သူတစ်ဦးတစ်ယောက် မှလည်း မသိနိုင်ပါဘူး။

အဲဒါကြောင့် အရှင်ဘုရား ဟောရမယ့် ပြောရမယ့် အချိန်ကာလ ရောက်ပါပြီလို့ အရှင်အာနန္ဒာက လျှောက် တယ်။ ကောင်းပါကွာ. . ရိုရိုသေသေ ကိုင်းကိုင်းညွတ်ညွတ်နဲ့ နာကြကွာဆိုပြီး ဘုရားက သုံးသပ်ပုံ အရေးတကြီး သုံးသပ်ရမှာ က မင်းတို့ငါဟောပါမယ်ကွာ. . . ။

## လူတိုင်းမှာအိုမှု သေမှုရှိတယ်

လူတိုင်းမှာ ဆက်ဆံနေတာ ဇရာဒုက္ခ၊ မရဏဒုက္ခဆိုတာရှိတယ်ကွ၊ အဲဒီဇရာဒုက္ခ၊ မရဏဒုက္ခ ဘယ့်နှယ်ကြောင့် လူတိုင်းနဲ့ ဆက်ဆံနေပါလိမ့်မတုံး၊ ဒီဇရာ မရဏ အိုမှု သေမှု ဆိုတာ သတ္တဝါတိုင်း မကြိုက်တဲ့အလုပ်၊ အိုမှု သေမှု ဘယ်သူများ ကြိုက်ကြတုံး၊ (ဘယ်သူမှ မကြိုက်ပါဘူးဘုရား)။

ဘယ်သူမှ မကြိုက်တဲ့ အလုပ်ကြီးတစ်ခုကို လူတိုင်း ရှိနေတယ်ကွာတဲ့၊ ဘယ်သူမှ မကြိုက်တဲ့ အလုပ်တစ်ခုကို လူတိုင်းရှိပြီးသကာလနေတော့၊ အဲဒါမင်းတို့ လူတိုင်းလည်း ရှိတယ်၊ မင်းတို့ကလည်း သူတို့ကို ဘယ်အခါကာလမှ သူဘယ်က လာတယ်လို့ မင်းတို့ မသုံးသပ်ဘူးဆိုရင်၊ ဒါတွေ့ မြဲတိုင်း တွေ့နေမှာပေါ့ကွ-သဘောကျပလား (ကျပါပြီဘုရား)။

သူ့မသုံးသပ်ရင် (တွေ့မြဲတိုင်းတွေ့နေမှာပါဘုရား)၊ တွေ့မြဲတိုင်းတွေ့နေမှာပဲဆိုပြီးသကာလ အဲဒါ ဇရာဒုက္ခသစ္စာ၊ မရဏဒုက္ခသစ္စာ၊ သစ္စာနှစ်ခုရှိတဲ့အနက်က၊ ဒီသစ္စာနှစ်ခုဟာ လူတိုင်းမှာလည်း ဆက်ဆံနေတယ်၊ ဒါကို မင်းတို့ တွေ့တိုင်းသာ မင်းတို့က အရှုံးပေးနေမယ်ဆိုလို့ရှိရင် မင်းတို့တာဝန်ပဲတဲ့၊ မင်းတို့၏ မသိမှုပဲ။

အဲတော့ (၃၂) ကောဋ္ဌာသ လက်သည် ရှာခိုင်းတာ ဟော့ လို့မှတ်လိုက်ပါနော် (တင်ပါဘုရား)၊ (၃၂) ကောဋ္ဌာသ ဘာပါ

လိမ့် (လက်သည် ရှာခိုင်းတာပါဘုရား)၊ လက်သည် ရှာခိုင်းတယ်တဲ့။

လက်သည် အရှာခိုင်းတော့ ငါဘုရားသချာ ဟောမယ်ကွ၊ ဒီဇရာ မရဏာသည်ကားလို့ဆိုရင် လူတိုင်း မကြိုက်၊ မကြိုက်ပေမယ့်လို့ တွေ့ကြုံနေရ၊ ဘယ်ကလာတယ် ဆိုတာ ငါပြောပြမယ်ကွာ၊ ခန္ဓာရတဲ့-ပုဂ္ဂိုလ်က လာတာပေါ့ . . . (တင်ပါဘုရား)။ ရှင်းပလား (ရှင်းပါပြီဘုရား)။

## ခန္ဓာရှိလို့ ဒုက္ခနှစ်ခုလာတာ

ဘယ်ကလာတာလည်း (ခန္ဓာရတဲ့ပုဂ္ဂိုလ်ကပါဘုရား)၊ ခန္ဓာရတဲ့ ပုဂ္ဂိုလ်က လာတာဖြစ်နေတော့၊ ဩော် . . ဒို့တွေးလုံးမင်းတို့ဘုရား ဟောတော်မူတဲ့ အတိုင်း ခန္ဓာရရင် ဒီဒုက္ခနှစ်ခုဟာ-အပြီးတိုင်ပါလာတာပဲလို့ မှတ်ဖို့ပဲ (တင်ပါဘုရား)။

ခန္ဓာရလို့ရှိရင် ဇရာဒုက္ခနှင့်၊ မရဏာဒုက္ခအပြီးတိုင်ပါလာတယ်၊ ဒါဖြင့် အစ်မတို့က စဉ်းစားရမယ်၊ ဩော် . . . ခန္ဓာများပေါ့၊ သူရှိလို့ လာတာပဲ၊ အခုဘုရားက သုံးသပ်ကြရဲ့လားဆိုပြီး သူကိုယ်တိုင် သုံးသပ်ပုံနည်းတွေကို ဖွင့်ဟပြီးပြတဲ့အခါကျတော့မှ၊ ခန္ဓာရလို့လာတာလို့ သူကပြောလိုက်တာဟုတ်လည်းဟုတ်ပါပေတယ်။

ခန္ဓာရရင် တနေ့တခြားအိုမှု၊ တနေ့တခြား သေမှု

ကြုံရမှာ ဆုံရမှာဆိုတဲ့ ဥစ္စာက အထူးပြောဖို့ မလိုပါဘူးနော် (တင်ပါဘုရား)။

အဲဒီတော့အားလုံးပဲစဉ်းစားရမယ်၊ ခန္ဓာကိုယ် ဝမ်းထဲက ဘယ်ခန္ဓာဖြင့် ကောင်းလိမ့်မယ်လို့၊ ဘယ်သူကပြောလို့ ဘယ်သူက-ဟောဟော၊ ကိလေသာက ဟောသည်ဖြစ်စေ၊ တရားဟောမှားတဲ့ ဆရာက ဟော၍ဖြစ်စေ၊ ယုံကိုမယုံပါနဲ့၊ ကန့်ကွက်ရမယ် (တင်ပါဘုရား)။ ခန္ဓာရလို့ ဖြစ်တာလို့ အခုဘုရားက ပြောပြပြီကောကွ (မှန်ပါတယ်ဘုရား)၊ ကိုယ်ကိုယ်တိုင်လည်း ယုံကြည်ပြီမဟုတ်လား (တင်ပါဘုရား)။

## ဘယ်ခန္ဓာမှ မလိုချင်ပါနဲ့

ခန္ဓာရလို့ အိုမှုသေမှုရှိတာ (တင်ပါ)၊ ခန္ဓာမရတဲ့ ပုဂ္ဂိုလ် အိုမှု-သေမှု (မရှိပါဘုရား)၊ အဲတော့ ခန္ဓာကို မင်းတို့ အကြင်လင်မယားကပဲ လိုချင်တဲ့စိတ်ပေါ် လာလာ၊ တစ်ပါး သော ဆရာပြောသံကြားနဲ့ပဲ မင်းတို့က ဩော်-သူပြောတာ သိပ် ကောင်းတာပဲ၊ ခန္ဓာရတာ၊ လူချမ်းသာ၊ နတ်ချမ်းသာထဲကို တရားနာမှား၍လည်း မလိုချင်လိုက်ပါနဲ့ (တင်ပါဘုရား)။

တဏှာပွား၍လည်း မလိုချင်လိုက်ပါနဲ့ (တင်ပါ)၊ ရှင်းပလား (ရှင်းပါပြီဘုရား)၊ တရားနာမှား၍လည်း (မလိုချင် လိုက်ပါနဲ့ဘုရား)၊ တဏှာပွား၍လည်း (မလိုချင်လိုက်ပါနဲ့

ဘုရား)၊ မလိုချင်ပါနဲ့လို့ ဒါ ဒီနေ့ ကန့်ကွက်တဲ့တရား ပြန်ဟော တယ်နော်. . . (တင်ပါဘုရား)။

ဘယ်သူ့မှလည်း ဒီတရားကိုလည်း မဟောပါနဲ့ ခန္ဓာရကြောင်းများ ဟောလိုက်လို့ရှိရင် ကိုယ်ကိုယ်တိုင်ဟောမှား၊ ကြိုက်တဲ့ ပုဂ္ဂိုလ်ကလည်း အမှား (တင်ပါဘုရား)၊ ကိုယ်ကိုယ်တိုင်ကလည်း အဟောမှားထဲ သွင်းလိုက်ပါ။

ဟောနေကြတယ်တဲ့ တချို့ပုဂ္ဂိုလ်က-နော် (တင်ပါဘုရား) ကွာမင်းဟောစားမနေနဲ့ကွာ၊ နောက်ဘဝ ဘယ့်နှယ်လုပ်မလဲ၊ အဲတော့ နောက်ဘဝကောင်းစားရေးလေးလည်း မင်းလုပ်ဦးမှပေါ့ကွ။

## သစ္စာမသိလို့ဟောတဲ့တရား

ဘယ်လိုပင် လေချိုသွေးပြောသော်လည်း သစ္စာမသိတဲ့ ပုဂ္ဂိုလ်က ဟောတဲ့တရားဖြစ်နေတော့ တရားဟောမှားပဲ မှတ်ရမယ် (တင်ပါဘုရား)၊ ဘယ်လို မှတ်ကြမတုံး (တရားဟောမှားလို့ မှတ်ရမှာပါဘုရား)၊ တရားဟောမှားလို့ မှတ်လိုက်တဲ့ အခါကျတော့မှ ဩော်. . . တရားနာပေမယ့် ကြောက်စရာပါလား၊ တစ်ချက်တိမ်းရင် ဒုက္ခနှစ်ချက်ရမယ် (တင်ပါဘုရား)။

တစ်ချက်တိမ်းရင် ဒုက္ခပင်လယ်ဝေမယ်၊ မောင်ချစ်ဆွေ တစ်ချက်တိမ့်းရင် (ဒုက္ခပင်လယ်ဝေမှာပါဘုရား)၊ ပေါ်ပလား

(ပေါ်ပါပြီဘုရား)၊ ဒါကြောင့် လမ်းပြကောင်းလိုတယ်၊ ခေါင်းဆောင်ကောင်းလိုတယ်၊ ဦးစီးကောင်းလိုတယ်ဆိုတဲ့ "သတ္တာဒေဝမနုဿာနံ" ဆိုတဲ့ ဂုဏ်ကြီးဟာ-မနေ့က ပြောသလိုပဲ ပြန်ပေါ်လာတယ်၊ (တင်ပါဘုရား)။

## ခေါင်းဆောင်ညံ့လို့မှားရင်

ဒီခေါင်းဆောင်သာညံ့ဖျင်းသွားလို့ရှိရင်ဖြင့်၊ တရားနာများ၍လည်း ခန္ဓာရခြင်းတစ်မျိုး၊ ကိုယ့်သန္တာန်တဏှာပွား၍လည်း ခန္ဓာရခြင်း တစ်မျိုးဆိုတာ ပေါ်သွားပြီကွ (ပေါ်ပါတယ် ဘုရား)၊ ပေါ်သွား ပြီနော် (တင်ပါဘုရား)။

အဲတော့ကို စဉ်းစားရမယ် အစ်မတို့က၊ တဏှာက ဘယ်လိုများ ဟောတတ်တုံးဆိုတော့၊ ကျုပ်ဖြင့် တစ်ယောက်တည်းဖြင့် နိဗ္ဗာန်မလိုချင်သေးဘူး၊ ဒီသား၊ ဒီသမီး၊ ဒီခင်ပွန်းတွေနဲ့အတူတူသွားရမှပဲ၊ နိဗ္ဗာန်ဆိုတာလည်း ရောက်ချင်တာပဲ။

## တဏှာပွားနေတာ

နိဗ္ဗာန်ဒါတွေပါလို့ရှိရင်၊ ဒါတွေစွဲနေကတည်းက လိမ်ပြီးကောက်ကျစ်ထားတာ ဖြစ်လေသောကြောင့် မရနိုင်ဘူး (တင်ပါဘုရား)၊ ဒါတွေနဲ့ အကုန်ရောက်ရပါလို၏ဆို မရနိုင် ဘူး၊ ဘာကြောင့်တုံးဆိုတော့ ဒါတွေနဲ့ ဆိုကတည်းက တဏှာ

ပွားနေပကောကွ၊ သဘောပါပလား (သဘောပါ ပါပြီဘုရား)။

ဒါတွေနဲ့ ဆိုကတည်းက (တဏှာပွားနေပါတယ် ဘုရား)၊ တဏှာပွားလို့ရှိရင်လည်း နိဗ္ဗာန်မရောက်နိုင်ဘူး၊ ခုနက ပြောခဲ့တယ်၊ (တင်ပါဘုရား)၊ တရားနာမှားလို့လည်း (နိဗ္ဗာန် မရနိုင်ဘူးဘုရား)။

## ငှက်ဖြစ်တောင်တစ်ကိုင်းတည်း

နိဗ္ဗာန်မရောက်နိုင်ဘူးဆိုတော့၊ အဲ-ယနေ့ သင်လိုက်တဲ့ အဓိပ္ပါယ်သည် ကိုယ့်မှာ ဒီစိတ်မျိုးပေါ်တတ်တယ် (တင်ပါ ဘုရား)၊ ပေါ်တတ်တယ်ကွ (မှန်ပါဘုရား)၊ ဒီလင်၊ ဒီသား၊ ဒီမယားနဲ့ပဲ၊ ငှက်ဖြစ်သော်လည်း တစ်ကိုင်းတည်း၊ ဆင်ဖြစ် သော်လည်း တစ်ကျုံးတည်းနဲ့ တော်တော်ရှုပ်တယ်ကွ (တင်ပါ ဘုရား)။

ရှုပ်ဘူးလား (ရှုပ်ပါတယ်ဘုရား)၊ မရတဲ့အထိ ကြင်နာ တယ် (တင်ပါဘုရား)၊ တဏှာပွားရင်လည်း နိဗ္ဗာန်မရဘူး ဆိုတာ၊ အခုတော့ သူ့ဟာသူက တဏှာပွားထားပြီ (မှန်ပါ) ဘယ်တော့ ရဦးမှာလဲ (ဘယ်တော့မှ မရနိုင်ပါဘူးဘုရား)။

ဘယ်တော့မှ မရနိုင်တာကြီးကိုပင်လျှင် ရရပါလို၏ ဆိုတော့ "မိုးပေါ်ကလ, ကြီးကို လှည်းဘီးလုပ်စီးချင်ပါတယ်" မဝယ်ပေးလို့ဖြစ်နေမှာပဲ (တင်ပါဘုရား)၊ ရအောင်လုပ်ပေး

စမ်းပါ၊ ဒါလည်းဘီးလုပ်စီးချင်လို့၊ လှလွန်းလို့ဆိုတော့ ရနိုင်တဲ့ ပစ္စည်းလားလို့ ချိန်လိုက်တော့၊ ကလေးအငိုတိတ်အောင်တော့ ပြောတဲ့ပစ္စည်း ဖြစ်နေတယ်နော် (မှန်ပါတယ်ဘုရား)။

## ဉာဏ်စိတ်မှ နိဗ္ဗာန်ရနိုင်တယ်

ဒီမှာလည်း ခင်ဗျားတို့ တဏှာကြိုက်သာပြောတဲ့ ပစ္စည်းဖြစ်နေတယ်၊ ဉာဏ်ကြိုက်မဟုတ်လို့ နိဗ္ဗာန်မရနိုင်ဘူး၊ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။ ဒါက ငါ့ရှေ့မှာသာ ဒီဥစ္စာတွေ ဖုန်းပြီးသား ဖိပြီးသား၊ လုံပြီးသားပါပဲ၊ ကွယ်ရာ တိုးတိုး တိတ်တိတ်ကျမှ ပေါ်တတ်တယ်ကွ၊ ဒီဟာတွေက။

တိုးတိုးတိတ်တိတ်ကျမှ မင်းတို့ချင်းနဖူးပေါ်လက်တင် စဉ်းစားလိုက်တဲ့ အခါကျတော့မှ၊ သြော်. . . ဖြစ်လာပြန်တော့ လည်း မလွယ်ဘူးလေ၊ ကိုယ်၏ ချမ်းသာရေးတင်လည်း မဟုတ်သေးဘူး၊ အားလုံးချမ်းသာအောင်ဆိုတော့ တစ်ခါဘုရား တောင် **ဉာတတ္ထစရိယံ**. . . သူ့ဆွေမျိုးတွေအတွက်ပါ ကျင့်နေ သေးတာပဲ။

ကိုယ်ကလည်း ဘုရားဆုလည်း မဟုတ်ဘဲနဲ့၊ ဉာတတ္ထစရိယံနဲ့ မဟုတ်တာချည်းနဲ့လာပြီး အကိုးအကားလုပ် ပြီး ကန့်ကွက်နေလိုက်သေးတယ်၊ သဘောပါပလားကွ (သဘောပါပါပြီဘုရား)။

စင်စစ်ကိုက သူ့ဟာက လွဲပုံက မဟန်ဘူးကွ (မှန်ပါဘုရား)၊ သာမည ပုဂ္ဂိုလ်ဆိုရင်လည်း ဒါထုတ်ဖော်မပြောပါဘူး (တင်ပါဘုရား)၊ ဩော်. . . ဘုရားလည်း ဒီလိုတောင်းတာပဲ၊ ဒို့လည်းတောင်းကောင်းထင်ပါရဲ့၊ ဟာ ဘုရားဆုမပန်ဘဲနဲ့ ဒီဥစ္စာ တောင်းနေလို့က ဖြစ်ကို မဖြစ်ဘူးကွ၊ ဖြစ်ပါ့မလား (မဖြစ်ပါဘုရား)။

ဘုရားဆုပန်ရင်တော့ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း လုပ်လေ၊ (တင်ပါဘုရား)၊ လိုချင်တာက အခုနိဗ္ဗာန်ဆိုတော့ ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘုရား)။

အဲဒါကြောင့် ရှေ့မှာလည်းမလာစေနဲ့၊ ကွယ်ရာမှာလည်း မပွားစေနဲ့ဆိုတာ ပိတ်ပင်လိုက်တယ်ကွ၊ ရှေ့တင်လည်း မလာစေနဲ့ ကွယ်ရာကော မပွားစေနဲ့ ဒီတဏှာကို၊ ဒါကြောင့် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး တရားဟောတော့ အဟောခက်တယ်ဟေ့ အဟောခက်တယ်. . . တဲ့။

## တဏှာခြံရံချင်ကြတယ်

ငါဘုရားဟောရမယ့်တရားကလည်း ဒါနည်းနည်းမှ မခြံရံအောင်ဟောရမှာ (တင်ပါဘုရား)၊ ဒကာ ဒကာမတွေ ကလည်း ဒါမခြံမရံ ရလို့ရှိရင်ဖြင့် မယူဘူးဆိုတဲ့ ငြင်းလုံးက လာတော့မယ်၊ မလာပေဘူးလား (လာမှာပါဘုရား) တဏှာ မခြံရံရရင် (မဖြစ်ပါဘုရား)၊ မလိုချင်ဘူးပေါ့ကွ။

တဏှာခြံရံရင် (လိုချင်ပါတယ်ဘုရား)၊ အခြံအရံတွေနဲ့တကွ (တင်ပါဘုရား)၊ ဆိုတော့ မရတာတောင်းတာနဲ့ တူနေတယ်ကွာ၊ ပေါ်ကြပလား (ပေါ်ကြပါပြီဘုရား)၊ ဒါဆုံး မလုံးလို့ မှတ်လိုက် (တင်ပါဘုရား)။

## ဘုံဘဝဆုတောင်းရင်နိဗ္ဗာန်မရဘူး

ကဲဒါဖြင့် ဘုံဘဝဆုတောင်းတဲ့ပုဂ္ဂိုလ်၏ မရမှုက ယနေ့တရားက ထောက်ခံချက်ပေးသွားတယ်၊ ဇရာ မရဏသာရတယ်၊ နိဗ္ဗာန်မရဘူး (တင်ပါဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)၊ ဘုံဘဝဆုတောင်းတဲ့ ပုဂ္ဂိုလ်များ (ဇရာ မရဏာရမှာပါဘုရား)၊ အဲ နိဗ္ဗာန်ကို (မရပါဘူးဘုရား)။

နိဗ္ဗာန်ဆိုတာ ဇရာ မရဏ ချုပ်တာကို (တင်ပါဘုရား)၊ ဇရာ၊ မရဏသာရ၍ ဇရာမရဏ ချုပ်တဲ့နေရာ မရနိုင်ဘူးဆိုတာ ရှင်းရှင်းလင်းလင်းမှတ်လိုက်ပါ (တင်ပါဘုရား)၊ ခန္ဓာက လာတဲ့ ဇရာ မရဏကိုကွ၊ ခန္ဓာဆုတောင်းနေတော့ ဇရာ မရဏရမှာပဲ (တင်ပါဘုရား)။

## ခန္ဓာဘယ်ကလာပါလိမ့်

ဒါဖြင့် တွေးကြပါဦးကွာတဲ့၊ ဒီလောက်နဲ့လည်း လမ်းက မဆုံးသေးတော့ ဆက်တွေးပါဦးကွ၊ ကိုယ့်ခန္ဓာတွေးလုံးကို

မပျင်းပါနဲ့၊ ဒီခန္ဓာဘယ်ကလာပါလိမ့်မလဲဆိုတာ တွေးကြဦး၊ (တင်ပါဘုရား)၊ ခန္ဓာငါးပါးကြီးက ဘယ်ကလာပါလိမ့်မလဲ ဆိုတာ ဆက်တွေးပါဦးတဲ့၊ တွေးတဲ့အခါကျတော့ ဆုတောင်း တဏှာကလာတာ၊ ဟော ပေါ်လာပြီ (တင်ပါဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘယ်ကလာသတုံး (ဆုတောင်းတဏှာက လာတာပါ ဘုရား) ဩော်. . . ဒီဆုတောင်းတဏှာကလည်း မနေ့က ပြောသလိုပဲ ကိလေသာအရှုံးဟာ၊ ကိုယ့်ဟာကိုယ် ကိုယ့်အိမ် ကိုယ့်ယာတင်ရှုံးနေတာ ကိစ္စမရှိဘူး၊ တကယ့်တန်ခိုးကြီးဘုရား ရှေ့မှာ သွားရှုံးတာဟာလည်း အတော်ဆိုးတယ်ဆိုတာ ပေါ်သွားပြီ (တင်ပါဘုရား)၊ မပေါ်လာဘူးလား (ပေါ်ပါတယ် ဘုရား)၊ ကိုယ့်ဟာကိုယ် ရှုံးတာကိစ္စမရှိဘူး၊ ကိုယ့်အိမ်ကိုယ်ယာ မှာ ဟုတ်လား (တင်ပါ)။

## တန်ခိုးကြီးဘုရားရှေ့မှာ

တန်ခိုးကြီး ဘုရားရှေ့မှာ၊ မကြိုက်တဲ့ ကိုယ်တော်ကြီး ရှေ့မှာမှ၊ မဟုတ်တာသွားလုပ်တဲ့ အဓိပ္ပါယ်ဟာ ရောက်တယ်၊ ဘယ့်နှယ့်တုံးဟေ့၊ (ရောက်ပါတယ်ဘုရား) မရောက်ဘူးလား (ရောက်ပါတယ်ဘုရား) သွားနားထောင်ကြည့်စမ်း၊ မဟာ မြတ်မုနိတို့၊ ရွှေတိဂုံတို့ကို ဒီလိုတောင်းနေတဲ့ ဆုတွေနည်းကြ

ဘုရားကြိုက်တဲ့ ဆုလားတဲ့၊ ဘုရားရွှံမုန်းတဲ့ဆုလား (ဘုရားရွံမုန်းတဲ့ဆုပါဘုရား)၊ ရွံမုန်းတာပေးတော်မူပါ။ (တင်ပါဘုရား)။

အဲတော့ ပေးတဲ့ ပုဂ္ဂိုလ်ကလည်း မပေးချင်ဘူး၊ ယူတဲ့ ပုဂ္ဂိုလ်ကလည်း ယူချင်တယ်ဆိုတော့၊ ဒါဟာ ဘုရားရှေ့ သွားရန် ဖြစ်တာပဲပေါ့၊ (မှန်ပါဘုရား)၊ ပေးတဲ့ပုဂ္ဂိုလ်က (မပေးချင်ပါဘုရား)။ ပေးရမှာ သူ့စိတ်ထဲ အင်မတန်သနားတယ် (တင်ပါ့ဘုရား)။

မသိရှာဘူး၊ မသိရှာဘူး၊ ပေးတဲ့ပုဂ္ဂိုလ်ကလည်း လုံးဝ မပေးချင်ဘူး၊ ယူတဲ့ပုဂ္ဂိုလ်ကလည်း ဒါအတင်းတောင်းတယ်၊ အဲတော့ မပေးချင်တဲ့ ပုဂ္ဂိုလ်နဲ့တောင်းတဲ့ ပုဂ္ဂိုလ်ဆိုတာ လောကမှာ ရန်ဖြစ်မြဲပါ (တင်ပါဘုရား)။

## ဘုရားရှေ့သွားပြီး ရန်ဖြစ်တယ်

ဒီတစ်ခါ ဘုရားရှေ့သွားပြီး ရှိခိုးတာလား၊ ရန်ဖြစ်တာ လားလို့ဆိုတာ မေးခွန်းထွက်လာတယ်(တင်ပါဘုရား)၊ ဘယ့်နှယ် အဖြေထွက်ကြတုံး (ဘုရားရှေ့သွားပြီး ရန်ဖြစ်တာပါဘုရား)၊ အတုမရှိတဲ့ ကိုယ်တော်ကြီးနဲ့သွားရန်ဖြစ်တဲ့ အဓိပ္ပါယ်ရောက် တယ်၊ဒီကျအောင်လည်း မသိကြတော့ ခက်တယ်၊ မောင်ချစ်ဆွေ (မှန်ပါဘုရား)၊ ဒီကျအောင် မသိဘူး (မသိပါဘုရား)။

ဒီကျအောင်မသိတော့ အတင်းပဲ တစ်ခါတည်း ကလေးပူစာသလို ပူစာနေတာပဲ (တင်ပါဘုရား)၊ အမေမိဘက လည်း သူကလှတဲ့ အရုပ်ကလေးကြိုက်တယ်၊ အမေမိဘ ကတော့ ပိုက်ဆံသာပေးရတယ် ပျက်စီးမှာမြင်တော့ ဝယ်မပေး ချင်ဘူး (တင်ပါဘုရား)၊ ကလေးက ငိုလိုက်တာ ကျူကျူပါလို့ (တင်ပါဘုရား)၊ ဘယ့်နှယ်လုပ်မတုံးဟော့ ဘယ်သူ့အမှန်ယူ ကြမတုံး၊ အမေမိဘ အမှန်ယူရမယ်။

ကျူကျူပါအောင် ငိုတာ ငဲ့ဖို့လိုသေးလား (မလိုပါဘူး ဘုရား) သူလိုချင်တာက လှတဲ့အရုပ်ကလေး၊ အမေကလည်း သူ့လက်ထဲရောက်ပျက်တော့မှာပဲ ဆိုတာ သိပြီးသား၊ အဲတော့ ဝယ်ပေးချင်သေးရဲ့လား (မပေးချင်ပါဘူးဘုရား)။

ဒီမှာလည်း ဘုရားရှေ့သွားပြီး ဘာလုပ်ကြတာတုံး ဆိုတော့၊ မခိုင်တာမို့ မပေးချင်တဲ့ အမေမိဘနဲ့ တူတဲ့ ဘုရား ကျူကျူပါအောင် ငိုတဲ့ ပုထုဇဉ်မိုက် (တင်ပါဘုရား)၊ ဒီရောက် သွားတယ် (မှန်ပါဘုရား)၊ ဥပမာ အပေးကောင်းလို့-လို့ ဒီလို မဆိုပဲနဲ့၊ ဖြစ်စဉ်ကိုက ဒီအတိုင်းဖြစ်နေလို့ပါ (တင်ပါဘုရား)၊ ပေါ်ပြီလားကွ၊ (ပေါ်ပါတယ်ဘုရား)၊ ဒီလိုတော့ မလုပ်ကြနဲ့ ဆိုတာလည်း ကန့်ကွက်ရပြန်တယ်နော် (မှန်ပါဘုရား)။

## ဆရာသမားက ကန့်ကွက်တယ်

ခန္ဓာ တဏှာကပါလာတယ် ဆိုကတည်းကိုက၊ ဒီအရုပ်လိုချင်လို့ရှိရင် ဒီပျက်စီးမှုဆိုတာပါမှာပဲ (ပါပါတယ်ဘုရား)၊ ဒါဖြင့် ဒီအရုပ်တော့ဖြင့် မဝယ်လည်း မဝယ်ချင်ပါနဲ့၊ လိုလည်း မလိုချင်ပါနဲ့ဆိုတဲ့ အဓိပ္ပာယ်ကို၊ အမေမိဘနဲ့တူတဲ့ဘုရားက ကန့်ကွက်နေလျက်နဲ့ဖြင့်၊ ဂျမ်းထိုးမှောက်ခုန် လုပ်မနေပါနဲ့တော့ ပြောချင်လွန်းလို့ (တင်ပါဘုရား)၊ ပြောချင်လွန်းလို့ ဂျမ်းထိုးမှောက်ခုံလုပ်မနေပါနဲ့ဆိုတာကိုလည်း၊ ဒီဆရာသမားက အကူအညီနဲ့ပဲ ဘုရားဘက်ကနေ ကန့်ကွက်ရတယ်၊ မကန့်ကွက်ရပေဘူးလားကွ (ကန့်ကွက်ရပါတယ်ဘုရား)။

## တဏှာဘယ်ကလာ

ကဲ-ဒါဖြင့် ဒီတဏှာဟာဖြင့် တဏှာက ဖြစ်စေတတ်တဲ့ ခန္ဓာ၊ ပျက်စီးတတ်တဲ့ ခန္ဓာကြီး (တင်ပါဘုရား)၊ ကဲ-ဒါဖြင့် တွေးကြပါစို့တဲ့ ဒီတဏှာကလည်း ဘယ်ကများ လာပါလိမ့်မတုံး မေးဖို့လိုလာတယ်၊ (တင်ပါဘုရား)။

ဒီတဏှာ ခင်ဗျားတို့ ပိယသာတဖြစ်တဲ့ အာရုံကြောင့် လာတာ၊ ရှင်းပလား (ရှင်းပါပြီဘုရား)၊ ဒီတဏှာ ဘယ်ကလာတုံး (ပိယသာတဖြစ်တဲ့ အာရုံကြောင့် လာတာပါဘုရား)၊ ပိယဆိုတာ ခင်တဲ့ဆီကလာတာ၊ သာတဆိုတာ သူ့ကြည့်ရတာ သာယာတာ (တင်ပါဘုရား)၊ အဲဒီကလာတာတဲ့။

## ပီယသာတ၊ ခင်မှုသာယာမှု

တဏှာရေသောက်မြစ်တွေ့ပြီ (တွေ့ပါပြီဘုရား)၊ ဘယ်ကလာပါလိမ့် (ပီယသာတက လာတာပါဘုရား)၊ ပီယသာတဖြစ်တဲ့ ခန္ဓာကလာတာ (တင်ပါဘုရား)၊ ပီယ သာတက လာတယ် ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကွာတဲ့၊ မင်းတို့ကတော့ ခင်တာကို သာယာတာပဲ၊ မင်းတို့သာယာတာ ကို ငါက ယူတော့ ရော့၊ အင့် လို့ ဆိုလိုက်လို့ရှိရင်လည်း မင်းတို့ မျိုတုန်းတော့ ကောင်းလိမ့်မယ်၊ အူပြတ်လိမ့်မယ်၊ မျိုတုန်းတော့ လျှာပေါ် ကောင်းလိမ့်မယ်ကွ၊ အတွင်းကျ အူပြတ်သေလိမ့်မယ် ကွ (တင်ပါဘုရား)။

## မျိုတုန်းတော့ကောင်းတယ်

ဘယ့်နှယ်တုံး မျိုတုန်းတော့ (ကောင်းမှာပါဘုရား)၊ အတွင်းကျတော့ (အူပြတ်သေမှာပါဘုရား) အဲဒါမြင်တယ်၊ ကိုယ်တော်ကြီးက ဒါမြင်တယ်၊ မင်းတို့ ပီယသာတဟာ ခင်သလိုလိုနဲ့ တော်ကြာငိုပွဲကြီးတွေ့ရမယ်၊ မတွေ့ရဘူးလား (တွေ့ရပါတယ်ဘုရား)၊ ပင်ပန်းပွဲတွေကော (တွေ့ရပါတယ် ဘုရား) ဆင်းရဲပွဲတွေကော (တွေရပါတယ်ဘုရား) တွေ့ရပါ တယ်. . . တဲ့။

ပြော် ပီယသာတဆိုတဲ့ ဥစ္စာဟာ၊ အင်း. . . သူ့ကို ခင်မိတဲ့ သဘောနဲ့ မျိုမိတယ်၊ သာယာမိတဲ့ သဘောနဲ့ မျိုမိပြီဆိုမှဖြင့် သေပွဲဝင်ဖို့သာ စိတ်ကူးပေတော့၊ အူပြတ်ပြီး သေပွဲဝင်ဖို့သာ စိတ်ကူးပေတော့ဆိုတာ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မြင်တယ် (မှန်ပါဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## အူပြတ်မှာမမြင်ဘူး

ဒါဖြင့် မင်းတို့သည် ဒီပီယသာတကို ချစ်စရာ၊ ခင်စရာ၊ သာယာစရာတွေ့လာပြီဆိုမှဖြင့်၊ မင်းတို့ကလည်း အတင်းအဓမ္မပဲ အူပြတ်မှာမမြင်ဘူး၊ ပေါင်းသင်းမှုပဲ၊ ဆက်ဆံမှုပဲ၊ ဒါမှ ချမ်းသာမှာ၊ ဘယ်ဟုတ်မလဲ ဒါမှ သေမှာကို (တင်ပါဘုရား)၊ ပေါ်ပလားကွ (ပေါ်ပါပြီဘုရား)၊ အဆိပ်မျိုတာကို (တင်ပါဘုရား)။

သူ့အမှားကိုတော့ဖြင့် အထူးတလည်ပြောမနေနဲ့၊ ကိုယ့်မှာ ဒီစိတ်ကလေး သုံးခု၊ လေးခုရှိနေတယ်၊ ဒီစိတ်ကလေးတွေကြောင့်ကိုပဲ၊ သူ့ကြောင့်ချော်လဲနိုင်တယ်၊ မသေရုံတမယ်ကျန်တယ်၊ သူတို့သာ စားပါစေ ကိုယ်အငတ်နေမယ်ကွာ အောင်မာ-အစ်မ လာသေးဘူးလား (လာပါတယ်ဘုရား)။

## ပီယသာတကြောင့်

ကိုယ့်မှာ ငတ်ပွဲကွ၊ ဆင်းရဲပွဲနဲ့ ငတ်ပွဲ (တင်ပါဘုရား) ပီယသာတလိုက်မိတဲ့အတွက် (တင်ပါဘုရား)၊ ဆင်းရဲပွဲနဲ့ ဘာတုံး (ငတ်ပွဲပါဘုရား)။

အို. . . ဒါဘယ်ကလာတဲ့ ဆင်းရဲပွဲငတ်ပွဲပါလိမ့် မတုံးဆိုတော့ (ပီယသာတကြောင့်ဘုရား) ပေါ်လာသေးဘူးလားကွ (ပေါ်ပါတယ်ဘုရား)၊ ရှင်းပလား (ရှင်းပါတယ်ဘုရား)။

အဲတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အနားနားရပ်ပြီး၊ ဆရာသမားကလည်း အရှေ့ကထိုင်ပြီး အစ်မတို့မောင်ချစ်ဆွေတို့ ဒါဖြင့် မလုပ်လိုက်ပါနဲ့နော်၊ ပီယသာတတွေဖြင့် မသောက်လိုက်မမျိုလိုက်ပါနဲ့၊ မခင်လိုက်ပါနဲ့ မင်းတို့ အူပြတ်တာကို ငါ့ရှေ့တင် တွေ့ရလိမ့်မယ်။

## မသေသင့်ဘဲနဲ့သေလိမ့်မယ်

ဘုရားက ဒီအတိုင်းရပ်ပြောတာပဲ၊ ဆရာသမားက သူ့ဟာသူ ဒီအတိုင်းရပ်ပြောတာပဲ၊ ရှင်းပလား (ရှင်းပါပြီဘုရား) သေတန်မှ သေရမယ်ဗျာ၊ ကိုယ့်သား ကိုယ်သမီးရယ်လို့ ဖြစ်လာတော့ ဟုတ်ဘူး သေတန်မှ သေတာ မဟုတ်ဘူး၊ မသေတန်ဘဲနဲ့ သေလိမ့်မယ်ကွ၊ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

သေတန်မှ သေလို့ရှိရင်လဲ ငါအပြစ်မဆိုပါဘူး၊ မသေ

တန်ဘဲနဲ့ သေလိမ့်မယ်ကွလို့ကော မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)၊ တချို့ကျတော့ သားနေမကောင်းဘူး၊ အမေက တက်ချင်ချင်ဖြစ်လာပြီ၊ သေတန်လို့သေတာလားကွာ (မသေတန်ဘဲနဲ့ သေတာပါဘုရား)၊ မသေထိုက်ဘဲနဲ့ ဝေဒနာ ရနေတာ (တင်ပါဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## အဆိပ်သင့်နေတာ

သူ့အတွက် ကိုယ်က စီးပွားရှာတော့ မော်တော်ကား တိုက်မိသင့်ဘဲနဲ့ ဖိုက်မိ၊ ခလုတ်တွေ မတိုက်မိသင့်ဘဲနဲ့ (တိုက်မိပါတယ်ဘုရား)၊ အရွယ်မရောက်ဘဲနဲ့ အိုမှုကြီး ကြီးထွားလာ လိုက် (တင်ပါဘုရား)၊ ဘယ့်နှယ်တုံးကွ (မှန်ပါတယ်ဘုရား)၊ လာပေဘူးလား (လာပါတယ်ဘုရား)။

ဒါ ဝိယသာတက နှိပ်စက်လို့ရတဲ့၊ အဆိပ်မျိုမိလို့ အဆိပ်သင့်တာကွာ (တင်ပါဘုရား)၊ ဘယ်လိုဆိုကြမတုံး (အဆိပ်မျိုမိလို့ အဆိပ်သင့်တာပါဘုရား)၊ အဆိပ်သင့်တာပဲ ဆိုတာ သဘောပါပလား (သဘောပါပြီဘုရား)၊ ဒါဖြင့် ဒီဟာကို အဆိပ်မျိုမိလို့ အဆိပ်သင့်တယ်လို့ ဆရာသမားက ဟော၊ ဘုရားက ဟောနဲ့ အဆိပ်မှန်းသိအောင် နှလုံးသွင်းဖို့ရာ အရေးကကြီးတယ် (မှန်ပါဘုရား)၊ ပေါ်ပလား (ပေါ်ပါပြီ ဘုရား)။

## အဆိပ်ကို မမျိုလိုက်ပါနဲ့

ဘာနှလုံးသွင်းဖို့ အရေးကြီးတာတုံး (အဆိပ်မှန်း သိအောင် နှလုံးသွင်းဖို့က အရေးကြီးပါတယ်ဘုရား)၊ ဒါဖြင့် အဆိပ်ဖြစ်အောင်ကိုပဲ ဆရာသမားက ဟောမှရမယ် (တင်ပါ ဘုရား)၊ အဆိပ်ကို အဆိပ်အစစ်ဖြစ်ပါတယ်၊ ခင်ဗျားတို့ မယောင်ပါနဲ့ မမှားပါနဲ့၊ မိုးကြိုးပစ်တာထက်နာပါလိမ့်မယ်၊ ဒါကို သွားမမျိုလိုက်ပါနဲ့ မောင်ချစ်ဆွေ မဟောရဘူးလား (ဟောရပါတယ်ဘုရား)၊ သဘောကျပလား (သဘောကျပါပြီ ဘုရား) ရှင်းပြီလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် နက်ဖြန်မှ အဆိပ်ဖြတ်ကြစို့

သာဓု. . .၊ သာဓု. . .၊ သာဓု. . .။